□改編自:________________

■自編

111 年新北市各級學校東南亞語文競賽

團體朗讀文稿 緬甸語 國小組 **A-2**

# ကျွန်တော်/ကျွန်မ တိရစ္ဆာန်လေးတွေကို ချစ်တယ်

ငယ်စဉ်ကတည်းက ကျွန်တော်/ကျွန်မ ကြောင်ကလေးနဲ့ ခွေးကလေးတွေကို ချစ်တယ်။ သူတို့နောက်ကလိုက်ပြီး ပြေးကစားရတာကိုလည်း နှစ်သက်တယ်။ အိမ်အနီးအနားက ကြောင်ကလေးနဲ့ ခွေးကလေးတွေဟာ ကျွန်တော်/ကျွန်မရဲ့ ကစားဖော်တွေပါ။ ကျွန်တော်/ကျွန်မ အသက်၁၀နှစ် ပြည့်တဲ့အခါမှာ ဖေဖေနဲ့ မေမေက ခွေးကလေးတစ်ကောင် မွေးဖို့ ခွင့်ပြုလိုက်တယ်။ အဲဒီနေ့ကစပြီး "အလိမ္မာလေး" ဟာ ကျွန်တော်/ကျွန်မရဲ့ ဘဝထဲကို ရောက်လာခဲ့တယ်။

ငယ်စဉ် ကတည်းက ကျွန်တော်/ကျွန်မဟာ အိပ်ရာထ အရမ်းပျင်းတယ်။ အခုတော့ "အလိမ္မာလေး"အတွက် ကျွန်တော်/ကျွန်မရဲ့ အဲဒီအကျင့်ဆိုးကို ပြုပြင်လိုက်ပါပြီ။ ဘာလို့လဲဆိုတော့ သူက နာရီနှိုးစက်လိုပဲ ကျွန်တော့်/ကျွန်မကို အချိန်မှန် လာနှိုးတယ်။ သူနဲ့ အတူတူ လမ်းလျှောက်ထွက်တယ်။ ဒါ့အပြင် ကျွန်တော်/ကျွန်မက

ကစား

စရာအရုပ်ကလေးတွေကို အမြဲယူသွားပြီး အချိန်မရွေး သူနဲ့ အရုပ်ပစ်တန်း၊ ကောက်တန်း ကစားတယ်။

"အလိမ္မာလေး"ဟာကျွန်တော်/ကျွန်မရဲ့ကစားဖော် ဖြစ်တဲ့အပြင် ညီအစ်ကိုမောင်နှမလို ချစ်ခင်တဲ့ သူငယ်ချင်းလည်း ဖြစ်ပါတယ်။ အရင်တုန်းက ကျွန်တော်/

ကျွန်မတစ်ယောက်တည်း အဖော်မဲ့ တီဗီကြည့်လိုက်၊ ဒေးဒိုင်လိုက်နဲ့၊ အခုဆို သူ အဖော်လုပ်ပေးတာကြောင့် ကျွန်တော်/ကျွန်မရဲ့ ဘဝဟာ ပျော်ရွှင်စရာတွေနဲ့ ပြည့်နေပါပြီ။